# နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ်၏ သက်တမ်းကာလနှင့် ပတ်သက်၍ ကိုင်တွယ်ပုံအသစ်

၂၀၂၁၊ ဇူလိုင်လ ၅ရက်
လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်ခွင့်ရေးရာစီမံခန့်ခွဲရေးဌာန
Immigration Services Agency of Japan

## ကိုင်တွယ်ခြင်းဆိုင်ရာ မူဝါဒ

- ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ဂျပန်နိုင်ငံသို့ ဝင်ရောက်မှု နှောင့်နှေးခဲ့သည့် နိုင်ငံခြားသားများကို ထည့်သွင်းစဥ်းစားသည့်အနေဖြင့် ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်ခွင့်ရေးရာစီမံခန့်ခွဲရေးဌာနမှ လူဝင်မှုကြီးကြပ်ရေးအတွက် လိုအပ်သော နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် (အတိုကောက်ဖြင့် "နေထိုင်ခွင့်လက်မှတ်")ကို တိုးမြှင့်ခြင်းအတွက် အထူးအစီအစဉ်များ ပြုလုပ်ခဲ့သည် (အောက်ဖော်ပြပါ "ယခင် ကိုင်တွယ်ခဲ့ပုံ" ကိုကြည့်ပါ)။
- လက်ရှိ အခြေအနေအရ ကိုဗစ်-၁၉ ပြန့်ပွားမှုက လူဝင်မှုကြီးကြပ်ရေးအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို သက်ရောက်နေဆဲဖြစ်သောကြောင့် **ဌာနဆိုင်ရာသည် နေထိုင်ခွင့်လက်မှတ်၏ တရားဝင်မှုကို တိုးချဲ့ရန် လုပ်ဆောင်လိမ့်မည်** (အောက်ဖော်ပြပါ "ကိုင်တွယ်ပုံအသစ်" ကိုကြည့်ပါ)။

***နေထိုင်ခွင့်လက်မှတ် ဆိုသည်မှာ ထုတ်ပေးသည့်အချိန်မှ စ၍ ဆိုက်ရောက်အခြေအနေအတွက် လုံလောက်တဲ့ တရာဝင် အသိအမှတ်ပြု လက်မှတ် ဖြစ်ပါသည်။ သက်တမ်းတိုးကာလကို အလွန်အကျွံတိုးချဲ့ခြင်းနှင့် စပ်လျဉ်း၍ ဖြစ်နိုင်ခြေက ဝင်ရောက်အချိန်နှင့် နေထိုင်ခွင့်လက်မှတ် ထုတ်ပေးသည့်အချိန်တွင် အခြေအနေများ ပြောင်းလဲခြင်းဖြစ်နိုင်ခြေကို တိုးစေနိုင်သည်။ ဒါကြောင့် နေထိုင်ခွင့်လက်မှတ် သက်တမ်းတိုးကာလကို အောက်ဖော်ပြပါ အချိန်ကာလတစ်ခု ပြီးဆုံးပြီးနောက် ထပ်မံ၍ တိုးချဲ့မည်မဟုတ်ပါ။ သို့သော်လည်း နေထိုင်ခွင့်လက်မှတ် အတွက် လျှောက်ထားခြင်းကို ၂၀၂၂၊ ဇူလိုင်လ ၃၁ ရက်နေ့တွင်ဖြစ်စေ၊ ပြီးနောက်ဖြစ်စေ၊ ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်ခွင့်ရေးရာစီမံခန့်ခွဲရေးဌာနမှ သတ်မှတ်ထားသောနေ့ မတိုင်မီတွင် ယခင်လျှောက်လွှာမှ ပြောင်းလဲမှုမရှိသော လျှောက်ထားမှုများအတွက် မြန်ဆန်သော နေထိုင်ခွင့်လက်မှတ် အသစ်ကို စည်းကမ်းချက်များအရ လျှောက်ထားသူသည် (၁) ယခင်ကထုတ်ပေးခဲ့သော နေထိုင်ခွင့်လက်မှတ် (မူရင်း (သို့) မိတ္တူ) နှင့် (၂) လက်ခံအေဂျင်စီမှ ရေးသားထားသော အကြောင်းပြစာ စသည်ဖြင့် တင်ပြလျှင် ထုတ်ပေးပါမည်။ အသေးစိတ်ကို ဤနေရာတွင် ကြည့်ပါ။**

| ယခင် ကိုင်တွယ်ခဲ့ပုံ | ကိုင်တွယ်ပုံအသစ် |
|---|---|
| (၁) အကျုံးဝင်သည့် နေထိုင်ခွင့်အရည်အချင်း<br>နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ်တွင် အကျုံးဝင်သော နေထိုင်ခွင့်အရည်အချင်း | (၁) အကျုံးဝင်သည့် နေထိုင်ခွင့်အရည်အချင်း<br>နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ်တွင် အကျုံးဝင်သော နေထိုင်ခွင့်အရည်အချင်း |
| (၂) အကျုံးဝင်သည့် ဒေသ<br>နိုင်ငံအနှံ့၊ ဒေသအားလုံး | (၂) အကျုံးဝင်သည့် ဒေသ<br>နိုင်ငံအနှံ့၊ ဒေသအားလုံး |
| (၃) အကျုံးဝင်သည့် နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ်<br>**၂၀၁၉၊ အောက်တိုဘာလ ၁ရက်နေ့မှ စ၍ (သို့) ပြီးနောက်** | (၃) အကျုံးဝင်သည့် နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ်<br>**၂၀၂၀၊ ဇန်နဝါရီလ ၁ရက်နေ့မှ စ၍ (သို့) ပြီးနောက်** |
| (၄) သက်တမ်းမကုန်သေးဟု ယူဆသည့်ကာလ<br>• ၂၀၁၉၊ အောက်တိုဘာလ ၁ရက်မှ ဒီဇင်ဘာလ ၃၁ရက်နေ့ အထိတွင် ပြုလုပ်ခဲ့သော နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ်<br>→ **၂၀၂၁၊ ဧပြီလ ၃၀ရက်နေ့ အထိ**<br>• ၂၀၂၀၊ ဇန်နဝါရီလ ၁ရက် မှ ၂၀၂၁၊ ဇန်နဝါရီလ ၃၀ရက်နေ့ အထိတွင် ပြုလုပ်ခဲ့သော နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ်<br>→ **၂၀၂၁၊ ဇူလိုင်လ ၃၁ရက်နေ့ အထိ**<br>• ၂၀၂၁၊ ဇန်နဝါရီလ ၃၁ရက်နေ့မှ စ၍ (သို့) ပြီးနောက်တွင် ပြုလုပ်ခဲ့သော နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ်<br>→ **ပြုလုပ်ခဲ့သည့်နေ့မှစ၍ ၆ လကြာ သက်တမ်းရှိသည်** | (၄) သက်တမ်းမကုန်သေးဟု ယူဆသည့်ကာလ<br>• **၂၀၂၀၊ ဇန်နဝါရီလ ၁ရက် မှ ၂၀၂၁၊ ဇူလိုင် ၃၁ရက်နေ့ အထိတွင် ပြုလုပ်ခဲ့သော နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ်**<br>→ **၂၀၂၂၊ ဇန်နဝါရီလ ၃၁ရက်နေ့ အထိ**<br>• **၂၀၂၁၊ ဩဂုတ်လ ၁ရက်မှ ၂၀၂၂ ဇန်နဝါရီလ ၃၁ရက်နေ့ အထိတွင် ပြုလုပ်ခဲ့သော နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ်**<br>→ **ပြုလုပ်ခဲ့သည့်နေ့မှစ၍ ၆ လကြာ သက်တမ်းရှိသည်** |
| (၅) သက်တမ်းမကုန်သေးဟု ယူဆသည့်အခြေအနေ<br>နိုင်ငံခြားသံတမန်ရေးရာဦးစီးဌာနတွင် ဗီဇာထုတ်ပေးရန် လျှောက်ထားချိန်၊ လက်ခံအေဂျင်စီက "နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် ထုတ်ပေးချိန်တွင် လူပ်ရှားမှု အကြောင်းအရာများအရ ဆက်လက်၍ လက်ခံနိုင်သည်" ဟုဖြည့်သွင်းထားသည့် စာရွက်ကို တင်သွင်းပေးထားပါက | (၅) သက်တမ်းမကုန်သေးဟု ယူဆသည့်အခြေအနေ<br>နိုင်ငံခြားသံတမန်ရေးရာဦးစီးဌာနတွင် ဗီဇာထုတ်ပေးရန် လျှောက်ထားချိန်၊ လက်ခံအေဂျင်စီက "နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် ထုတ်ပေးချိန်တွင် လူပ်ရှားမှု အကြောင်းအရာများအရ ဆက်လက်၍ လက်ခံနိုင်သည်" ဟုဖြည့်သွင်းထားသည့် စာရွက်ကို တင်သွင်းပေးထားပါက<br><br>ကိုးကားပုံစံ <နေထိုင်ခွင့်အရည်အချင်း အတွက် နောက်ဆက်တွဲ ၁ (ဥပမာ- အင်ဂျင်နီယာ၊ အထူးကျွမ်းကျင်သူ၊ နိုင်ငံတကာ ဝန်ဆောင်မှု၊ ကျောင်းသား၊ စသည်ဖြင့်)<br>ကိုးကားပုံစံ <နေထိုင်ခွင့်အရည်အချင်း အတွက် နောက်ဆက်တွဲ ၂ (ဥပမာ- ဂျပန်နိုင်ငံသား အိမ်ထောင်ဖက် (သို့) ကလေး၊ အခြေချနေထိုင်သူ၊ စသည်ဖြင့်)<br>*ဗီဇာလျှောက်ထားပြီး သုံးလကျော်လွန်သွားပါက ကျေးဇူးပြု၍ အထက်ပါ စာရွက်စာတမ်းကို ပြန်လည်ပေးပို့ပါ။ |